## မြန်မာနိုင်ငံရှိ ကျေးရွာများ၌ ပြောင်းလဲမှုများ : ကူးပြောင်းမှုအနေအထားများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်းများမှ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သက်ရောက်မှုအခြေအနေများ

မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခြေအနေများကို စောင့်ကြည့်လေ့လာသုတေသနပြုသည့် (QSEM) စီမံကိန်းသည် မြန်မာနိုင်ငံတလွှားရှိ ကျေးရွာပေါင်း (၅၄) ရွာကို အပိုင်းလိုက်နက်ရှိုင်းစွာ လေ့လာထားသည့် စီမံကိန်းတရပ်ဖြစ်သည်။ ၎င်းသည် လူတို့၏ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ လုပ်ဆောင်မှု ဗျူဟာများ၊ မြေယာ၊ သဘာဝအရင်းအမြစ်များ၊ ချေးငွေရရှိမှုနှင့်လုပ်သား၊ ပြဿနာများနှင့် မမျှော်လင့်သော ဘေးဒုက္ခများ၊ အခက်အခဲများစီမံဖြေရှင်းပုံနည်းဗျူဟာများ၊ လူမှုရေး ဆိုင်ရာနီးနှောဆက်နွယ်မှုများနှင့် အဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးစနစ်နှင့် ပြင်ပမှ ထောက်ပံ့ကူညီမှုများ စသည်တို့ကို စီစစ်လေ့လာထားသည်။ လေးကြိမ်မြောက် QSEM လေ့လာမှုကို ၂၀၁၄ မတ်လမှ မေလအတွင်းပြုလုပ်ခဲ့ပါသည်။ သုတေသီများမှ အတွင်းကျကျ လူတွေ့မေးမြန်းလေ့လာခြင်း (၄၈၅) ခု၊ ပါဝင်ဆွေးနွေးသူပေါင်း (၁၄၇၄) ယောက်ဖြင့် ဦးတည်အုပ်စုဆွေးနွေးခြင်းပေါင်း (၂၀၀)ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ သုတေသီများသည် (၂၀၁၂) အစောပိုင်းကာလများကတည်းက QSEM လေ့လာမှုဇရိယာ အတွင်းပါဝင်သည့် တိုင်းနှင့်ပြည်နယ်များဖြစ်သော ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များမှ ကျေးရွာများအတွင်း ခြောက်လခန့် အချိန်ယူ လေ့လာမှုပြုခဲ့ပါသည်။

QSEM သုတေသနစီမံကိန်း၏ နောက်ဆုံးလေ့လာမှုအကြိမ်တွင် ပြောင်းလဲမှုအနည်းငယ် ကိုလေ့လာတွေ့ရှိခဲ့ရပါသည်။

**ကျေးလက်ရွာသူရွာသားများအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ အခြေခံကန့်သတ်ခက်ခဲမှုတချို့ ရှိနေသေးသော်ငြားလည်း ယခင်နှစ်နှင့် နှိုင်းစာလျှင် ပိုမိုကောင်းမွန်သည့် တန်ပြန်ရလဒ်များကို ခံစားကြရသည်ကို တွေ့ရသည်။** ဒေသ အတော်များများရှိတောင်သူလယ်သမားများမှာ ပိုမိုကောင်းမွန်သည့် ရာသီဥတုအခြေအနေ ကြောင့် အကျိုးခံစားကြရပြီး အဓိကစိုက်ပျိုးသီးနှံများလည်း ဈေးကောင်းရကြသည်။ ထိုသို့ တန်ပြန်အကျိုးခံစားရမှုများမှာ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍရှိ အခြားသော အခြေခံ ပြောင်းလဲမှုများထက် ရာသီဥတုကောင်းမွန်မှုကြောင့်ဖြစ်ကြောင်း ပို၍သိသာထင်ရှားသည်။ သို့သော် စိုက်ပျိုးမှုအမြင့်မားဆုံးအချိန်များတွင် စိုက်ပျိုးရေးလုပ်သားငှားရမ်းရရှိနိုင်မှုသည် တောင်သူလယ်သမားများအတွက် ထိခိုက်စွန့်စားရသည့်အနေအထားနှင့် အခက်အခဲများ ရင်ဆိုင်နေရဆဲ အနေအထားဖြင့်သာ ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။

**လယ်ယာလုပ်ငန်းမဟုတ်သည့် အခြားသော လုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ကြခြင်းနှင့် ဒေသရွှေ့ပြောင်းလုပ်ကိုင်မှုများ မြင့်တက်လာခဲ့သည်။** အထူးသဖြင့် အပူပိုင်းဒေသရှိ လယ်ယာမဲ့လူတန်းစားများနှင့် လယ်ယာမြေ အနည်းငယ်သာပိုင်ဆိုင်သည့် အိမ်ထောင်စု များ၌ စိုက်ပျိုးရေးလုပ်ငန်းပါးသည့် အချိန်များတွင် လုပ်ငန်းအခွင့်အလမ်း မရှိခြင်းကြောင့် လယ်ယာလုပ်ငန်းမဟုတ်သည့် လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်မှုများ တိုးလာစေခဲ့ သည်။ ဒေသ ရွှေ့ပြောင်းလုပ်ကိုင်သည့်နှုန်းလည်း ဆက်လက်တိုးမြင့်နေဆဲဖြစ်သည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းဗျူဟာ စီမံကိန်းများ အနေဖြင့် ကွဲပြားသည့် နေရာ ဒေသများနှင့် လူမှုစီးပွားရေးဆိုင်ရာအုပ်စုများတွင် စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာလုပ်ငန်း မဟုတ်သည့်လုပ်ငန်းများကို ရှာဖွေလုပ်ကိုင်ကြခြင်းနှင့် ဒေသရွှေ့ပြောင်းလုပ်ကိုင်ခြင်း စသည့် နည်းလမ်းများကို လူအများအနေဖြင့် မည်သို့ဦးစားပေးရွေးချယ်ကြသည်ကို ထည့်သွင်း စဉ်းစား သုံးသပ်လေ့လာရန် လိုအပ်သည်။

**အချို့သောဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စုများတွင်မူ ထိုသို့သော အပြုသဘော ဆောင်သည့် ပြောင်းလဲမှု အလားအလာများမှ အကျိုးကျေးဇူးများကို ညီမျှစွာမခံစားရဘဲ တန်းတူညီမျှမှုမရှိခြင်းများရှိနေဆဲဖြစ်သည်။** အချို့အုပ်စုအနည်းငယ်တွင် စီးပွားရေးဆိုင်ရာ အလားအလာများမှာ အဟန့်အတားရှိနေဆဲဖြစ်သည်။ အသိသာ အထင်ရှားဆုံးမှာ ငါးဖမ်း လုပ်ငန်းလုပ်ကိုင်သူများ၏ ဘဝရှင်သန်မှုအနေအထားဖြစ်သည်။ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများတွင် စိုက်ပျိုးမှုပုံစံပြောင်းလဲခြင်း (သို့မဟုတ်) လယ်ယာလုပ်ငန်းမဟုတ် သောလုပ်ငန်းများတွင်

ရင်းနှီးလုပ်ကိုင်ခြင်း စသည့်ကိစ္စရပ်များအတွက် အခက်အခဲများ ပိုမို ရင်ဆိုင်ရပြီး မညီမျှသည့် ထိခိုက်စွန့်စားလုပ်ကိုင်ရခြင်း အခြေအနေများရှိနေဆဲဖြစ်သည်။

**မပြောပလောက်သော်ငြားလည်း အရေးကြီးသည့် ပြောင်းလဲမှုများမှာ ပြည်သူနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ အပြန်အလှန် ဆက်ဆံမှုအခြေအနေဖြစ်သည်။** လူထုမှ မကျေနပ်မှု၊ နစ်နာမှုများကိုတင်ပြတောင်းဆိုလာနိုင်ကြပြီး သက်ဆိုင်ရာ အရာရှိများမှလည်း ၎င်းတို့၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပိုမိုသတိပြု လုပ်ကိုင်လာကြသည်။ ၎င်းသည် တာဝန်ခံမှုဆိုင်ရာ ကောင်းမွန်သည့် အလားအလာ ဖြစ်သည်။ အသွင်ကူးပြောင်း လုပ်ဆောင်ရာတွင် ကျေးလက်ပြည်သူများ၏ လိုလားချက်များကို မှန်ကန်စွာစီမံ ဖော်ဆောင်ပေးနိုင်ရန်အတွက် သင့်လျော် ကောင်းမွန်သည့် အုပ်ချုပ်ရေး ယန္တရားပေါ်ထွန်း လာစေရန် အာရုံစိုက်လုပ်ဆောင်သွားရန် လိုအပ်ပေမည်။

**ကျေးလက်အုပ်ချုပ်ရေးဆိုင်ရာ အနေအထားသည်လည်း ပြောင်းလဲလျက်ရှိသည်။** ဒေသဆိုင်ရာ ကျေးလက်အဖွဲ့အစည်းများသည် ကျေးလက်ပြည်သူများနှင့် အစိုးရအကြား အပြန်အလှန်ဆက်ဆံရေးတွင် အရေးကြီးသောကဏ္ဍမှ ပါဝင် ဆောင်ရွက်လျက်ရှိနေသည်။ အသစ်ထွက်ပေါ်လာသည့် ကျေးလက်ဆိုင်ရာအုပ်ချုပ်ရေးဥပဒေ အသစ်အရ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အခန်း ကဏ္ဍနှင့် နှိုင်းယှဉ်လျှင် ဆက်လက်ကျယ်ပြန့်အရေးပါလာသည်ကို တွေ့ရှိရသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များအတွက် ပြည့်စုံလုံလောက်ပြီး ကိုယ်စားခွဲဝေဆောင်ရွက်ပေးနိုင်မည့် အကူပုဂ္ဂိုလ်များကို ရွေးချယ်သတ်မှတ်ရန် တာဝန် ပေးခြင်းများ အပါအဝင် ကျေးရွာအဆင့်အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များအကြား လုပ်ပိုင်ခွင့်အာဏာကို မှန်ကန်စွာ ချိန်ညှိ လုပ်ဆောင်နိုင်ရန်အတွက် အကောင်းဆုံး နည်းလမ်းကို ရှာဖွေရန် လိုအပ်သည်။

**ကျေးရွာများသို့ အစိုးရ၏ ထောက်ပံ့ကူညီမှုများသည် သုံးဆခန့် တိုးမြှင့်လာပြီး ထိရောက်သည့် ဝန်ဆောင်မှုပေးအပ်လာနိုင်ကြောင်းတွေ့ရသည်။** အစိုးရ၏ ထောက်ပံ့ကူညီမှုများနှင့် ပတ်သက်၍ ယနေ့အထိ အပြုသဘောဆောင်သည်ကို တွေ့ရသော်လည်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနေဆဲဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများအပေါ်မူတည်၍ အစိုးရအား ထောက်ပံ့ကူညီခြင်းဖြင့် ပေးအပ်မည့် ဝန်ဆောင်မှုအသစ် များကို ထိရောက်စွာ ပေးအပ်သွားနိုင်မည်ဖြစ်သည်။